# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

အမိန့်အမှတ် ၁၅၅ /၂၀၂၀

၁၃၈၂ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၆ ရက်)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါ (Coronavirus Disease 2019 COVID-19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ၂၀-၉-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၁၀၇/၂၀၂၀ ဖြင့် ရန်ကုန် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားလုံး (ကိုကိုးကျွန်းမြို့နယ်မပါ)တွင် ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမို ထိရောက်စွာ ထိန်းချုပ်နိုင်ရန် သက်ဆိုင်ရာမြို့နယ်အသီးသီးမှ ပြည်သူများအနေဖြင့် မိမိနေအိမ် တွင်နေထိုင်ရန် Stay at Home အမိန့် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ သို့ရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အချို့သောမြို့နယ်များ၌ နေထိုင်သည့်ပြည်သူများ အနေဖြင့် COVID-19 ရောဂါ ကာကွယ်ရေးစည်းကမ်းချက်များကို တိကျစွာလိုက်နာသဖြင့် လွန်ခဲ့ သော ၁၄ ရက်အတွင်း COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ ထပ်မံတွေ့ရှိရမှု လျော့နည်းလာ ခြင်း၊ ဓာတ်ခွဲအတည်ပြုလူနာများမှာလည်း တစ်ဦးမှတစ်ဦးသို့ အစုလိုက်ကူးစက်ဖြစ်ပွားမှု လျော့ နည်းလာခြင်း၊ Stay at Home အစီအစဉ် ဆောင်ရွက်စဉ်ကာလအတွင်း ကျန်းမာရေးအသိပညာ မြှင့်တင်ခြင်းလုပ်ငန်းများအား သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပြည်သူများက အလေးထား ဆောင်ရွက်ခဲ့ခြင်း၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့ဆက်စပ်ခဲ့သူအားလုံးကို ရှာဖွေဖော်ထုတ်၍ ဓာတ်ခွဲနမူနာရယူ စစ်ဆေးရာတွင်လည်း လွန်ခဲ့သော ၁၄ ရက်အတွင်း ထပ်မံတွေ့ရှိရမှု လျော့နည်း လာခြင်း၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ ကျန်းမာရေးဌာနမှဝန်ထမ်းများ၊ နှီးနွယ်သည့်ဌာန၊ အဖွဲ့အစည်း များ၊ စေတနာ့ဝန်ထမ်းများနှင့် ပြည်သူလူထုက ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင်

တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့ခြင်းများကြောင့် ပိုးတွေ့လူနာများ လျော့နည်းလာကြောင်း စိစစ်တွေ့ရှိရပါသည်။



၃။ သို့ဖြစ်ပါ၍ ဆိပ်ကြီး/ခနောင်တိုမြို့နယ်၊ တွံတေးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်များအတွင်းမှ COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်ရန် လိုအပ်နေသေးသော ပူးတွဲပါ ရပ်ကွက်/ကျေးရွာအုပ်စုများကို ချန်လှပ်၍ ကျန်ရှိသော ရပ်ကွက်/ကျေးရွာအုပ်စုများမှ နေထိုင်သူ ပြည်သူများအနေဖြင့် ၂၇-၁၂-၂၀၂၀ ရက်နေ့၊ ၀၈၀၀ နာရီအချိန်မှစ၍ မိမိနေအိမ်တွင်နေထိုင်ရန် Stay at Home အစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်လိုက်သည်။

ဒေါက်တာမြင့်ထွေး

ပြည်ထောင်စုဝန်ကြီး

## ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီး/ခနောင်တိုမြို့နယ်၊ တွံတေးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့အတွင်း

## Stay at Home ဆက်လက်ထားရှိမည့် ရပ်ကွက်/ကျေးရွာအုပ်စုများစာရင်း(အဆက်)

(ရက်စွဲ၊ အချိန်။ ၂၇-၁၂-၂၀၂၀ ရက်နေ့၊ ၀၈၀၀ နာရီ)

| စဉ် | မြို့နယ် | ရပ်ကွက်/ကျေးရွာအုပ်စု | |
|---|---|---|---|
| | | (၁၆) | သဝန်းတောကျေးရွာအုပ်စု |
| | | (၁၇) | အလယ်ချောင်းကျေးရွာအုပ်စု |
| | | (၁၈) | အုံးပင်စုရပ်ကွက် |
| ၃။ | ကွမ်းခြံကုန်းမြို့နယ် | (၁) | စံပြရပ်ကွက် |
| | | (၂) | ကန့်မလာကျေးရွာအုပ်စု |
| | | (၃) | ငှက်ကြီးဒေါင်ကျေးရွာအုပ်စု |
| | | (၄) | တော်ခရမ်းလေးကျေးရွာအုပ်စု |
| | | (၅) | တော်ပြာကျေးရွာအုပ်စု |
| | | (၆) | တော်လန်းကျေးရွာအုပ်စု |
| | | (၇) | ပီလခတ်ကျေးရွာအုပ်စု |
| | | (၈) | မရမ်းကျေးရွာအုပ်စု |
| | | (၉) | မှော်ဘီကျေးရွာအုပ်စု |
| | | (၁၀) | ရေတိမ်ကျေးရွာအုပ်စု |
| | | (၁၁) | လက်ခုပ်ကုန်းကျေးရွာအုပ်စု |

## ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီး/ခနောင်တိုမြို့နယ်၊ တွံတေးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့အတွင်း

## Stay at Home ဆက်လက်ထားရှိမည့် ရပ်ကွက်/ကျေးရွာအုပ်စုများစာရင်း

**(ရက်စွဲ၊ အချိန်။ ၂၇-၁၂-၂၀၂၀ ရက်နေ့၊ ၀၈၀၀ နာရီ)**

| စဉ် | မြို့နယ် | ရပ်ကွက်/ကျေးရွာအုပ်စု | |
|---|---|---|---|
| ၁။ | ဆိပ်ကြီး/ခနောင်တိုမြို့နယ် | (၁) | ဆိပ်ကြီးအရှေ့ရပ်ကွက် |
| | | (၂) | ဆိပ်ကြီးအနောက်ရပ်ကွက် |
| | | (၃) | ခနောင်တိုအရှေ့ရပ်ကွက် |
| | | (၄) | ခနောင်တိုအနောက်ရပ်ကွက် |
| | | (၅) | ဆမားဒူးဝါးရပ်ကွက် |
| | | (၆) | ဦးထွန်းအိုရပ်ကွက် |
| ၂။ | တွံတေးမြို့နယ် | (၁) | ကျွန်းတောရပ်ကွက် |
| | | (၂) | ကျွန်းဘက်ကျေးရွာအုပ်စု |
| | | (၃) | ကွမ်းခြံရပ်ကွက် |
| | | (၄) | ကသပေါင်းကျေးရွာအုပ်စု |
| | | (၅) | ကုလားတန်းကျေးရွာအုပ်စု |
| | | (၆) | ခရမ်းဝကျေးရွာအုပ်စု |
| | | (၇) | စမ်းရွာကျေးရွာအုပ်စု |
| | | (၈) | တမံကြီးကျေးရွာအုပ်စု |
| | | (၉) | တမာတကောကျေးရွာအုပ်စု |
| | | (၁၀) | တလုတ္တောာ်ကျေးရွာအုပ်စု |
| | | (၁၁) | ထော်သိုကျေးရွာအုပ်စု |
| | | (၁၂) | ဘုရားကြီးကျေးရွာအုပ်စု |
| | | (၁၃) | မငေးအလယ်ကျေးရွာအုပ်စု |
| | | (၁၄) | မင်းပိုင်းရပ်ကွက် |
| | | (၁၅) | ရွှေဆံတော်ရပ်ကွက် |